သင်ခန်းစာ (၆)

## တဦးချင်းနှင့် အုပ်စုလိုက် အခွင့်အရေးများ
## Group Rights and Individual Rights

ရည်ရွယ်ချက်
– အုပ်စုလိုက်အခွင့်အရေးဘာကြောင့်ဖြစ်ပေါ်လာသည်ကို လေ့လာသိရှိစေရန်။

**Activity** (လှုပ်ရှားမှု)
(၁) သင်တန်းသားများကို အတန်းလိုက်တန်းစီစေပြီး လက်ချင်းတွဲ၍ ရပ်ခိုင်းပါ။ ရှေ့တနေရာတွင် ပန်းတိုင်လိုင်း တလိုင်း သတ်မှတ်ထားပါ။
(၂) သင်တန်းပို့ချသူက ညွှန်ကြားချက်များကို လိုက်နာရန် လမ်းညွှန်ပေးပါ။
(၃) လမ်းညွှန်ချက်မှာ သင်တန်းပို့ချသူက အကြောင်းအရာတခုချင်းကို ဖတ်ပြ၍ ထိုအကြောင်းအရာနှင့် ကိုက်ညီပါက ညွှန်ကြားချက်တွင်ပါသည့်အတိုင်း ရှေ့တိုးဆိုပါက ရှေ့တိုး၊ နောက်ဆုတ်ရမည်ဆိုပါက နောက်ဆုတ်ရမည်ဖြစ်သည်။
(၄) အကြောင်းအရာအလိုက် ဆုံးဖြတ်ချက်ကို မိမိကိုယ်တိုင်သာဆုံးဖြတ်ရမည်ဖြစ်ပြီး အခြားသူများနှင့် တိုင်ပင်စရာ၊ အခြားသူများနောက်သို့လိုက်ရန်မလိုပါ။
(၅) ထို့နောက် သင်တန်းပို့ချသူ အဆင်သင့်ပြင်ထားသော အောက်ပါအကြောင်းအရာများကို တခုစီဖြေးဖြေးချင်း ရွတ်ဖတ်ပြပါ။

ဖတ်ပြမည့်အကြောင်းအရာများ

- မူလတန်းပညာကို တက်ရောက်သင်ကြားဖူးသူဆိုပါက ရှေ့ကို တလှမ်းတိုးပါ။
- ယခုအချိန်အထိ မိမိ၏ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်မြေကွက်ရှိသူဖြစ်ပါက ရှေ့သို့နှစ်လှမ်းတိုးပါ။
- တက္ကသိုလ်ပညာအထိ သင်ယူခဲ့ခြင်းမရှိပါက နောက်သို့ နှစ်လှမ်းဆုတ်ပါ။
- တိုင်းရင်းသားလူမျိုးစုဝင်တယောက်ဖြစ်ပါက နောက်တစ်လှမ်းဆုတ်ပါ။
- မိမိ၏မိသားစုဝင်အားလုံးအတွက် သင့်တင့်လုံလောက်သော မိသားစုဝင်ငွေရရှိသူများ ရှေ့နှစ် လှမ်းတိုးပါ။
- မိမိ၏ လိင်ကွဲပြားမှုကြောင့် အလုပ်လုပ်ရာတွင် လေးစားမှုမခံရသူ နောက်သို့သုံးလှမ်းဆုတ်ပါ။
- ကျောင်း သို့မဟုတ် သင်တန်းများတွင် မိခင်ဘာသာစကားဖြင့် ပြောဆိုသင်ကြားခွင့်ရခဲ့သောသူရှေ့သို့ နှစ်လှမ်းတက်ပါ။
- အိမ်၏ပြင်ပသို့ တဦးထဲထွက်ပါက အခြားသူများ၏ နည်းတမျိုးမျိုးဖြင့် စော်ကားနှောက်ယှက်မည်ကို စိုးရိမ်ရသောသူ နောက်တစ်လှမ်းဆုတ်ပါ။
- မိမိ၏ဆုံးဖြတ်ချက်များကို အခြားသူများလိုက်နာအောင် ပြောဆိုနိုင်သောသူ ရှေ့နှစ်လှမ်းတိုးပါ။
- အဖွဲ့အစည်းများတွင် သို့မဟုတ် အများနှင့်လုပ်သောလုပ်ငန်းများတွင် မိမိ၏ လိင်ကွဲပြားမှု သို့မဟုတ် အသက်အရွယ်ကြောင့် မိမိ၏ တင်ပြမှုကို အလေးမထားခြင်း ခံရသူ နောက်နှစ်လှမ်းဆုတ်ပါ။
- မိမိတိုင်းပြည်တွင်မနေရဘဲ အခြားတိုင်းပြည်တွင် ခိုလှုံနေရသူ နောက်သုံးလှမ်းဆုတ်ပါ။
- နိုင်ငံတော်တွင် လူအများကိုးကွယ်သော ဘာသာကို ကိုးကွယ်သောသူ ရှေ့တစ်လှမ်းတိုးပါ။

(၆) ထိုအရာများကို ဖတ်အပြီးတွင် ယခင်က လက်ချင်းတွဲထားသောသူများသည် အတန်းလိုက်မရှိတော့ဘဲ

နေရာအသီးသီးတွင် အကွဲကွဲအပြားပြားဖြစ်သွားသည်ကို တွေ့ရမည်။

(၇) သင်တန်းသားများကို မိမိရပ်နေရာမှနေ၍ နေရာမရွှေ့ဘဲ အခြားသူများကို လိုက်ကြည့်ပြီး လေ့လာခိုင်းပါ။

(၈) ထို့နောက် ထိုရပ်နေသည့်နေရာမှ ပန်းတိုင်သို့ အမြန်ပြေး၍ သွားခိုင်းပါ။

(၉) ထို့နောက် သင်တန်းခန်းမသို့ ပြန်လာ၍ အုပ်စုကြီးဝိုင်းထိုင်ခိုင်းပါ။

## **Discussion ( အပြန်အလှန်ဆွေးနွေးခြင်း )**

– လှုပ်ရှားမှုအပေါ် ဘယ်လိုခံစားရလဲ။

– ပန်းတိုင်မသွားခင် ရပ်နေတဲ့အချိန်မှာ အခြားလူတွေကိုကြည့်ရတော့ ဘာထူးခြားတာတွေ့ရလဲ။ ဘယ်လိုခံစားရလဲ။

– လှုပ်ရှားမှုနဲ့ပတ်သက်ပြီး ဘာတွေထူးခြားတာတွေ့ရလဲ။

– ရှေ့တိုးနောက်ဆုတ်လုပ်ခိုင်းတဲ့အပေါ် ဘာတွေသတိထားမိလဲ။

– နောက်မှာ ကျန်ခဲ့တဲ့သူတွေက လက်တွေ့မှာ ဘယ်သူတွေဖြစ်နိုင်လဲ။ ဘာကြောင့် သူတို့ရှေ့မရောက်နိုင်တာလဲ။

– ရှေ့ပိုင်းကိုရောက်နေတဲ့သူတွေက လက်တွေ့မှာ ဘယ်သူတွေလဲ။

– လှုပ်ရှားမှုကနေ ဘာတွေသင်ခန်းစာရသလဲ၊

လက်တွေ့တွင် နောက်မှကျန်ခဲ့သူများက ဘယ်သူဖြစ်နိုင်သည်ဟူသောအဖြေကို ပြန်လည်ထောက်ပြ၍ လူသားချင်းဖြစ်သော်လည်း အချို့လူအုပ်စုဝင်များသည် အခြားသူများနှင့်တန်းတူ အခွင့်အရေးခံစားခွင့် မရှိပေ။ အချို့အုပ်စုဝင်များသည် အခြားသူများထက် ချိုးဖောက်မှုပိုခံစားရသည်ကို တွေ့ရကြောင်းကို သင်တန်းသားများ သတိပြုမိပါစေ။

## **Input (အကြောင်းအရာနှင့်ဆက်စပ်သည့်ဗဟုသုတပေးခြင်း)**

လူ့အခွင့်အရေးသည် လူသားအားလုံးနှင့် သက်ဆိုင်သည်။ သို့သော် တိုင်းရင်းသားများ၊ ပြည်တွင်းအခြေတကျမရှိဘဲ လှည့်လည်နေထိုင်နေရသူများ၊ ဒုက္ခသည် များသည် အခြားသူများနည်းတူ လွတ်လပ်စွာသွားလာနိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ စီးပွားရှာခြင်းများ မလုပ်ဆောင်နိုင်ပါ။ အုပ်စုတခု၏ အဖွဲ့ဝင်များဖြစ်နေသောကြောင့် ပိုမိုစော်ကားခံရ ဖိနှိပ်ခံရသောကြောင့် တန်းတူအခွင့်အရေးများ၊ အထူးကာကွယ်ပေးမှုများ တောင်းဆိုလာခြင်းဖြင့် အုပ်စုလိုက်အခွင့်အရေးပေါ်လာသည်။ ထိုသူများသည် အုပ်စုတခု၏ အဖွဲ့ဝင်များဖြစ်ခြင်းကြောင့် အချို့အခွင့်အရေးများငြင်းပယ်ခံရသည့်သူများ ဖြစ်သွားပြီး အုပ်စုလိုက် အခွင့် အရေးလိုအပ်နေသောသူများဖြစ်လာသည်။ ပြည်တွင်းအခြေတကျမရှိဘဲ လှည့်လည်နေထိုင်နေရသူများသည် မိမိကိုယ်ကို ကာကွယ်နိုင်ခွင့်မရှိသလို ၄င်းအုပ်စုဝင်ကလေးများသည်လည်း အခြားကလေးများကဲ့သို့ ပညာသင်ကြားခွင့်၊ အာဟာရရရှိခွင့်များမရှိပါ။ ထို့ကြောင့် ပြည်တွင်းအခြေတကျမရှိဘဲ လှည့်လည်နေထိုင် နေရသူများဖြစ်၍ အချို့အခွင့်အရေးများဆုံးရှုံးနေသောကြောင့် ားခြားသူများနှင့်တန်းတူ အခွင့်အရေးများခံစားနိုင်ရန်အတွက် ကာကွယ်ပေးမှုများလုပ်ဆောင်ပေးရန် ပြဌာန်းထားသည့် နိုင်ငံအတွင်း အခြေတကျမရှိဘဲ လှည့်လည်နေထိုင်နေရသူများ အခွင့်အရေး ပေါ်လာရသည်။

ဒုက္ခသည်များသည် မိမိခိုလှုံရန်နိုင်ငံမှ နိုင်ငံသားများနည်းတူ သွားလာခွင့်၊ နိုင်ငံရေးတွင်ပါဝင်ခွင့်၊ အဆင့်မြင့်ပညာသင်ကြားခွင့်၊ ဆေးရုံ၊ ဆေးခန်းများသို့သွားခွင့်များမရှိပါ။ ထိုသူများကို ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးက အကာအကွယ်ပေးထားသော်လည်း အပြည့်အဝမဟုတ်ပါ။ ထိုသူများအတွက် စာသင်ကျောင်း၊ ဆေးရုံ စသဖြင့် အကာအကွယ်ပေးရန် အထူးအစီအစဉ်များလိုအပ်နေပြီး မိမိကိုယ်မိမိ မရပ်တည်နိုင်သောကြောင့် လူသားချင်းစာနာထောက်ထားသည့်အနေဖြင့် အထောက်အကူ၊ ကာကွယ်ပေးရန်အတွက် ဒုက္ခသည်ဆိုင်ရာ အခွင့်အရေး ပေါ်လာခြင်းဖြစ်သည်။

တိုင်းရင်းသားလူနည်းစုများသည် လူနည်းစုများဖြစ်၍ ၎င်းတို့၏ စာပေ၊ ယဉ်ကျေး မှုများ တစစ ကွယ်ပျောက်သွားနိုင်သည်။ ရွေးချယ်တင်မြှောက်မှုများတွင် လူနည်းစုဖြစ်နေ၍ နိုင်ငံရေးဆုံးဖြတ်မှုတွင် ပါဝင်ခွင့်နည်းနေသည်။ စီးပွားရေးတွင်လည်း လက်ဝါးကြီးအုပ်ခံနေရသည်။ ထို့အတွက် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတွင်

တန်းတူညီမျှမှုရှိရန် တောင်းဆိုရင်း လူနည်းစုအခွင့်အရေးပေါ်လာသည်။ ထို့အတူ အမျိုးသမီးများကို ပစ်မှတ်ထားပြီး စော်ကားခြင်းများကို ကာကွယ်ပေးမှုအားနည်းခြင်း၊ အမျိုးသမီးများသည် နိုင်ငံရေးဆုံးဖြတ်ချက်များ ချမှတ်ရာ တွင် ပါဝင်ခွင့်အားနည်းခြင်းစသည့် အမျိုးသမီးများအတွက် လိုအပ်မှုနှင့် အခက်အခဲများကြောင့် အမျိုးသမီးအခွင့်အရေး ပေါ်ပေါက်လာသည်။ ထို့အတူ ကလေးများ၊ အခြားနည်းဖြင့်သန်စွမ်းသူများအတွက်လည်း အထူး ကာကွယ်ပေးရန် လိုအပ်မှုများကြောင့် ထိုအုပ်စုလိုက် အခွင့်အရေးများ ပေါ်ပေါက်လာခဲ့သည်။

**အုပ်စုလိုက်အခွင့်အရေးများမှာ –**

– ဒုက္ခသည်
– ပြည်တွင်း အခြေတကျမရှိ ဘဲလှည့်လည်နေထိုင်နေရသူများ **(IDP)**
– အခြားနည်းဖြင့်သန်စွမ်းသူ
– အလုပ်သမား
– ဌာနေတိုင်းရင်းသား
– တိုင်းရင်းသား
– ကလေး၊ အမျိုးသမီး
– အမျိုးသမီးအလုပ်သမား
– ရွှေ့ပြောင်းလုပ်သား
- လိင်တူချင်းချစ်သူများ **(LGBT)**
– AIDS ရောဂါဖြင့်အသက်ရှင်နေသူများ **PLA (People Living with HIV)**

ဆက်လက်ပြီးသင်တန်းပို့ချသူမှ အဘယ်ကြောင့် အုပ်စုလိုက်အခွင့်အရေး တောင်းဆိုရခြင်း အကြောင်းရင်း များကို ထပ်မံရှင်းလင်းပြပါ။

**Deepening** (သင်တန်းသားများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း)

ထိုအုပ်စုလိုက် အခွင့်အရေးတောင်းဆိုခြင်းသည် လူတဦးချင်းမှ တဦးချင်းဆိုင်ရာ လူ့အခွင့်အရေးကို မခံ စားရသောကြောင့် တူညီသောသူများစုစည်း၍ တန်းတူညီမျှဖြစ်လာရန်အတွက် လူ့အခွင့်အရေးကို အုပ်စုလိုက် တောင်းဆိုခြင်းသာဖြစ်သည်။ ထူးခြားသည့်အခွင့်အရေး တောင်းဆိုခြင်းမဟုတ်ပါ။ အုပ်စုလိုက် အခွင့်အရေးတောင်း ဆိုရခြင်း အခြေခံသဘောတရားမှာ အာဏာ(ပါဝါ)နှင့် အစွဲပေါင်းစပ်မှုကြောင့် တန်းတူညီမျှမှု၊ လေးစားမှု၊ အသိအ မှတ်ပြုမှုမရှိသည့် ခွဲခြားဆက်ဆံမှုများနှင့် အကြမ်းဖက်မှုများစသည်တို့ ပေါ်ပေါက်လာခြင်းတို့ကြောင့်ဖြစ်သည်။ ထိုအ ကြမ်းဖက်မှုများကြောင့် တန်းတူညီမျှမှု၊ လေးစားမှု၊ အသိအမှတ်ပြုမှုများရရှိအောင် လုပ်ဆောင်ခြင်းသည် အုပ်စု လိုက်အခွင့်အရေးပင်ဖြစ်သည်။ ထိုခွဲခြားဆက်ဆံမှုများမှာ လူမျိုးကြီးမှ လူမျိုးနည်း၊ ဖွံ့ဖြိုးသောဒေသလူများမှ ကျေး လက်နေသူများ၊ ယောကျ်ားများမှ မိန်းမများ၊ အလုပ်ရှင်မှ အလုပ်သမားများအား ခွဲခြားဆက်ဆံခြင်းတို့ပင်ဖြစ် သည်။ ဖိနှိပ်ခွဲခြားဆက်ဆံမှု၏အကျိုးဆက်ကြောင့် အုပ်စုလိုက်အခွင့်အရေး တောင်းဆိုမှုများသာမက တောင်းဆိုမှု တိုက်ပွဲများပါ ဖြစ်ပွားလာလေ့ရှိသည်။

သင်တန်းသားများအား မိမိတို့ပတ်ဝန်းကျင်တွင်တွေ့ရလေ့ရှိသော အုပ်စုလိုက်အခွင့်အရေးများနှင့် ပတ်သက်၍ ဘယ်လိုအခြေအနေမျိုးဖြစ်နေသည်ကို တင်ပြခိုင်းပါ။ ချိုးဖောက်ခံနေရသည့်အဖြစ်များကို သင်ပုန်းတွင်မှတ်တမ်းတင်ပါ။

ထိုဖြစ်ပျက်နေသည့်အဖြစ်အပျက်များနှင့် ပတ်သက်၍ အခွင့်အရေးများရရှိအောင် တောင်းဆိုမှုများကို တဦးချင်း ဖလှယ်ခိုင်းပါ။ ဥပမာ– မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အလုပ်သမား အခွင့်အရေးများရရှိအောင် အလုပ်ရှင်နှင့် ထိုင်းအစိုးရထံတွင် တောင်းဆိုလုပ်ရှားနေသည့်အဖြစ်အပျက်များ၊ အမျိုးသမီးများ နိုင်ငံရေးတွင်ပါဝင်ခွင့်ရရှိရန် တောင်းဆို၍ အမျိုးသမီးများစွမ်းရည်မြှင့်တင်ရေး အစီအစဉ်များ လုပ်ဆောင်နေသည့် အမျိုးသမီးအဖွဲ့များအကြောင်းကို ပို့ချသူက တင်ပြနိုင်သည်။

**Synthesis** ( မည်သို့လုပ်ဆောင်ကာကွယ်တားဆီးနိုင်မည်ကို အဖြေရှာလုပ်ဆောင်စေခြင်း)

⁎ ကိုယ်ကိုယ်တိုင် ဘာတွေ ကာကွယ်ပေးနိုင်မလဲ။ ဘာတွေလုပ်ပေးနိုင်မလဲ။

လိုအပ်သောပစ္စည်းများ ⁎ လှုပ်ရှားမှုအတွက် အမျိုးသမီးအခွင့်အရေး၊ ရွှေ့ပြောင်းအလုပ်သမား၊ ကလေးများအလိုက် ကြိုတင်ပြင်ဆင်ထားသော မေးခွန်းများ၊

မှတ်ချက်

လိင်ကွဲပြားမှုအပေါ်ခွဲခြားဖိနှိပ်သည့်အမြင် **(Gender)** မေးခွန်းများ နမူနာပြင်ဆင်ခြင်း။

- ⁎ လိင်ကွဲပြားမှုကြောင့် ငယ်ငယ်ထဲက လုပ်ချင်တာကိုမလုပ်ရသူ –နောက်တလှမ်းဆုတ်၊
- ⁎ မိသားစုအတွင်း အစားအစာကို ဦးစားပေးခံရသူ – ရှေ့တလှမ်းတိုး၊
- ⁎ ပညာရေး သူများထက်သာရန် ဦးစားပေးခံရသူ – ရှေ့တလှမ်းတိုး၊
- ⁎ လိင်ကွဲပြားမှုကြောင့် ပညာရေးအခွင့်အလမ်း ဆုံးရှုံးရသူ – နောက်နှစ်လှမ်းဆုတ်
- ⁎ ငယ်ငယ်ထဲက မိဘမှတယောက်တည်း အပြင်ပေးမလွှတ်သူ –နောက်တစ်လှမ်းဆုတ်
- ⁎ ခေါင်းဆောင်ဖြစ်ရန် ငယ်ငယ်ထဲက သွန်သင်ဆုံးမခံရသူ – ရှေ့နှစ်လှမ်းတိုး
- ⁎ အိမ်မှ မိမိ၏တာဝန်ကြောင့် အဝေးမှာ ကျောင်းမတက်ရသူ – နောက်တလှမ်းဆုတ်
- ⁎ ခွင့်တောင်းရန်မလိုပဲ အိမ်မှသွားချင်ရာ သွားခွင့်ရသူ –ရှေ့နှစ်လှမ်းတိုး
- ⁎ မီးဖိုမှာ မဖြစ်မနေ ကူညီရန်ပြောခံထိသူ – နောက်နှစ်လှမ်းဆုတ်
- ⁎ အပြင်ထွက်ရန် ခွင့်တောင်းပြီးမှ ထွက်ခွင့်ရသူ – နောက်နှစ်လှမ်းဆုတ်
- ⁎ မိမိနာမည်နှင့် အိုးပိုင်အိမ်ပိုင်ရှိသူ – ရှေ့နှစ်လှမ်းတက်

ဤတွင်အမျိုးသမီးများ လိင်ကွဲပြားမှုအပေါ်ခွဲခြားဖိနှိပ်သည့်အမြင် Gender ကြောင့် နောက်ရောက်နေမည်။ ထို့အတွက်ဖြစ်နိုင်သော မေးခွန်းများကို ပြင်ဆင်ထားပါ။ အဓိကမှာ ဤအုပ်စုဝင်များဖြစ်၍ သာမန်လူများခံစားရသည်များကို မခံစားရခြင်းအား ပေါ်လွင်စေရန် အရေးကြီးသည်။